# အကြမ်းဖက်စစ်ကောင်စီမှ ထန်တလန်မြို့ရှိ ပြည်သူ့အိုးအိမ်များကို မီးရှို့ဖျက်ဆီးသွားသည့်အပေါ် ထုတ်ပြန်ချက်

ရက်စွဲ။ ။ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ၊ (၃၀)ရက်နေ့

ယမန်နေ့ ၂၉.၁၀.၂၀၂၁ ရက်နေ့မှစတင်၍ ချင်းပြည်နယ်၊ ထန်တလန်မြို့အား အာဏာလု အကြမ်းဖက် စစ်ကောင်စီစစ်တပ်မှ လက်နက်ကြီးများဖြင့် ရက်စက်စွာ ပစ်ခတ်ခဲ့သည့်အပြင် ခရစ်ယာန်ဘုရားကျောင်း (၂)ကျောင်း နှင့် များစွာသော ပြည်သူ့အိုးအိမ် (၁၆၃ လုံးဟု ခန့်မှန်းသိရ) မီးရှို့ဖျက်ဆီးခဲ့သည်ဟု (CDF)များ၏ထုတ်ပြန်ချက်အရ သိရှိရပါသည်။

ထို့ကြောင့် ပြည်သူ့ကာကွယ်ရေးတပ် - ဒီးမော့ဆို (DMO – PDF )မှ ထန်တလန်မြို့ရှိ ပြည်သူလူထုများနှင့်အတူ ချင်းပြည်နယ်မှညီနောင်တိုင်းရင်းသားများနှင့် ထပ်တူ အထူး ဝမ်းနည်းကြေကွဲ ရပါသည်။ အကြမ်းဖက်စစ်အာဏာရှင်များ၏ ယခုကဲ့သို့ ပြည်သူ့အိုးအိမ်များကို ဖျက်ဆီးသွားသည့်လုပ်ရပ်ကိုလည်း ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချပါသည်။

ထို့အပြင် အကြမ်းဖက် စစ်အာဏာရှင်ကျဆုံးစေရေးအတွက် ပြည်သူ့ကာကွယ်ရေးတပ် - ဒီးမော့ဆို (DMO – PDF )မှ ထန်တလန် (CDF)နှင့်အတူ ရပ်တည်သွားမည်ဖြစ်ကြောင်းနှင့် အိုးအိမ် ဆုံးရှုံးသွားရသော ထန်တလန်မြို့ရှိ ပြည်သူများအတွက် ဝိုင်းဝန်းကူညီပေးကြပါရန် နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများအား လေးစားစွာ တိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံ အပ်ပါသည်။

ပြည်သူ့ကာကွယ်ရေးတပ်

ဒီးမော့ဆို

ဖုန်း။ ။ ၀၉-၂၆၄၃၀၇၂၂၁ ၊ ၀၉-၄၂၇၂၂၃၀၆၈